**CONGRESS**

ကွန်ကရက်လွှတ်တော်မှာ အပိုင်းနှစ်ပိုင်းရှိတယ်။ တစ်ပိုင်းက အောက်လွှတ်တော်ဖြစ်တယ်။ အဲဒီ အောက်လွှတ်တော်မှာ လွှတ်တော်ကိုယ်စားလှယ်တွေ ပါဝင်ပြီး နောက်တစ်ပိုင်းက ဆီးနိတ်လွှတ်တော်လို့ခေါ်တဲ့ အထက်လွှတ်တော်ဖြစ်တယ်။ အမေရိကန်နိုင်ငံ ကွန်ကရက်လွှတ်တော်ရဲ့ အောက်လွှတ်တော်မှာတော့ ပြည်သူလူထုကို ကိုယ်စားပြုတဲ့ လွှတ်တော်အမတ် ၄၀၀ ကျော်ပါရှိပါတယ်။ အထက်ဆီးနိတ်လွှတ်တော်မှာတော့ ပြည်နယ်တစ်ခုကို နှစ်ဦးကျကိုယ်စားပြုတဲ့ ပြည်နယ်ကိုယ်စားလှယ် အယောက် ၁၀၀ ပါရှိတယ်။

**CONSERVATIVE**

အဓိကအားဖြင့် ဗြိတိန်နိုင်ငံရဲ့ ကွန်ဆာဗေးတစ်ပါတီကို ရည်ညွှန်းတဲ့စကားလုံးဖြစ်တယ်။ တိုင်းသူပြည်သားတို့ရဲ့ လုပ်ငန်းဆောင်တာ အရပ်ရပ်မှ အစိုးရက တတ်နိုင်သမျှ မပါဝင်ခြင်းက အကောင်းဆုံးဖြစ်တယ်လို့ ခံယူတဲ့ အယူဝါဒ ဖြစ်တယ်။

**CONSTITUENCY**

ကွန်စတီတျူအန်စီကတော့ အမတ် ဒါမှမဟုတ် သမ္မတရွေးကောက်တင်မြှောက်ရာမှာ မဲပေးမယ့် မဲဆန္ဒရှင်နယ်မြေ ဒါမှမဟုတ် အုပ်စုလို့ဆိုရလိမ့်မယ်။ သူတို့ရွေးကောက် တင်မြှောက်လိုက်တဲ့အမတ်က သူတို့ရဲ့ ကိုယ်စားလှယ်ဖြစ်သွားတယ်။



**CONSTITUTION**

ကွန်စတီတျူရှင်းကတော့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပဲ။ တိုင်းပြည်တစ်ပြည်ကို လက်တန်းအုပ်ချုပ်လို့ မရလို့ ဒီလိုဖွဲ့စည်းအုပ်ချုပ်ပုံ ရေးဆွဲကြရတယ်။ တချို့နိုင်ငံတွေက ရက်အနည်းငယ် လူအနည်းငယ်နဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ ရေးဆွဲသလို တချို့က လူများစွာအချိန်များစွာယူ ရေးဆွဲကြတယ်။ ဘယ်လိုပဲဖြစ်စေ အဲဒီဖွဲ့စည်းအုပ်ချုပ်ပုံထဲက ဥပဒေတစ်ခုခုဟာ ခေတ်ကာလနဲ့ အံမဝင်တော့ရင် လွှတ်တော်မှာ အသစ်ရေးဆွဲပြုပြင် ပြဋ္ဌာန်းရလေ့ရှိတယ်။

**COUNTER PART**

အဆင့်တူ ရာထူးတူကို ရည်ညွှန်းတယ်။ မိမိနိုင်ငံက သမ္မတနဲ့ တစ်ဘက်နိုင်ငံက သမ္မတ တွေ့ဆုံတာမျိုးကို သူ့ရဲ့ ကောင့်တာပတ်နှင့် တွေ့ဆုံတာလို့ ဆိုညွှန်းတယ်။

**COUNTER-REVOLOTION**

တစ်ယောက်က တော်လှန်ရေး REVOLUTION ပြုတယ်။ ဒါကို တန်ပြန်တိုက်ခိုက် ဖြိုဖျက်တာက COUNTER-REVOLUTION ပါပဲ။ ၁၉၆၀၊ ၇၀၊ ၈၀-ခုနှစ်တွေမှာ တော်လှန်ရေးတွေ တန်ပြန်တော်လှန်ရေးတွေ၊ တန်ပြန်-တန်ပြန်တော်လှန်ရေးတွေကို အာဖရိကနှင့် ဥရောပအရှေ့ပိုင်းတွေမှာ အတော်တွေ့ခဲ့ရပါတယ်။

**COUP D'ETAT**

ကုပ်ရဲ့ အဓိပ္ပာယ်ကတော့ အပိုင် အပြီး ပွဲသိမ်းလုပ်ရှား